# MANDALAY MYOTHA

INDUSTRIAL DEVELOPMENT PUBLIC CO., LTD

# ANNUAL REPORT

FOR FY 2018-2019, FY 2019









မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး
အများပိုင်ကုမ္ပဏီလီမိတက်

နှစ်ပတ်လည် အစီရင်ခံစာမှတ်တမ်း

# MMID

## ANNUAL REPORT
FY 2018-2019
FY 2019




**Mandalay Myotha Industrial Development Public Co., Ltd (MMID)**

*Mandalay Myotha Industrial Development Public Co.,Ltd (MMID) is the master developer of Myotha Industrial Park (MIP) and Semeikhon Port (SMP). Together with an able team that also includes foreign experts and consultants, Chairman Aung Win Khaing's dream is to unlock the wealth of Mandalay to benefit the locals even as Myanmar races ahead in economic development.*

*MIP will be a mixed use industrial park covering over 10,000 acres. SMP is a jetty port along the Ayeyarwaddy River that covers 380 acres. Foreign investors are already showing interest in this development that will play a big part in the modernisation, infrastructure and economic growth of this beautiful country of 60 million people.*

CONTENTS . . .


| | |
|---|---|
| Guidelines by Chief Minister of Mandalay Region Government | 3 |
| Vision and Mission | 5 |
| Chairman's Report | 7 |
| Board of Directors | 45 |
| Corporate Governance | 49 |
| High Level Management Committee | 52 |
| Organization Chart of MMID | 57 |
| Financial Section | 59 |






# ဝန်ကြီးချုပ်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## သဝဏ်လွှာ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့က တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးကို တစ်ပြေးညီ ခံစားရရှိစေရန် ဦးစားပေးကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း တွင် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan MSDP)" ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်ကာလသည် စီးပွားရေးဆိုင်ရာ အခင်းအကျင်းများ ပြောင်းလဲနေသော ကာလဖြစ်၍ ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့် တီထွင်ဆန်းသစ်သည့် အတွေးအခေါ်အယူအဆများဖြင့် စီးပွားရေး ဆောင်ရွက်သည့် အခြေအနေများ ဖြစ်ပေါ်လာနေပါသည်။ နည်းပညာအကူအညီ၊ ဆန်းသစ်သည့်အယူအဆ အတွေးအခေါ်များနှင့် ပြောင်းလဲနေသည့်အခြေအနေများကို လိုက်လျောညီထွေဖြစ်စေဖို့အလျင်အမြန် တုံ့ပြန်ရန် အစီအမံများ လိုအပ်နေကြောင်းနှင့် အထူးသဖြင့် ပြည်တွင်းလုပ်ငန်းများအတွက် နည်းပညာ၊ ကျွမ်းကျင်လုပ်သား နှင့် ငွေကြေးအရင်းအနှီး ရရှိရေးဟူသော လိုအပ်ချက် (၃) ရပ်ရှိနေကြောင်း သိရှိရပါသည်။

နိုင်ငံတော်အနေနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒဖြေလျော့ပေးမှုများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးတို့ကိုလည်း အထူးဂရုပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ပနိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး ရင်းနှီး-မြှုပ်နှံမှုများစွာကို နိုင်ငံတော်၏ အကြံပေးပုဂ္ဂိုလ်ကိုယ်တိုင် အထူးဖိတ်ခေါ်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား နှင့် နယ်သာလန် စသည့်နိုင်ငံများ ဝင်ရောက်လာ နိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးသည် အိန္ဒိယ၊ တရုတ် နှင့် အာဆီယံနိုင်ငံများ၏ ဆက်သွယ်ရေး လမ်းကြောင်း အချက်အချာကျသည့် မဟာဗျူဟာမြောက် တည်ရှိနေပါသည်။ စီးပွားရေးဆိုင်ရာ အခွင့်အလမ်း Potential မြင့်မားသည့် အခြေအနေ ဖြစ်ပေါ်နေသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းများနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးတို့၏ ဆုံမှတ်တွင် တည်ဆောက် လျက်ရှိသော "မြို့သာစက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်း" တို့၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြိုဆိုအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော "မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း" တွင် ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ Gold AYA မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်နိုင်၍ မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိပြီး နိုင်ငံတော်သမ္မတကြီးနှင့် ဒုတိယသမ္မတတို့က လာရောက်ကြည့်ရှုစစ်ဆေး အားပေးကြသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။ ထပ်မံ၍လည်း FWJ ကုမ္ပဏီ၏ Dried Fruit စက်ရုံ (ဂျပန်)၊ Aida Amazing ကုမ္ပဏီ၏ Metal Recycle စက်ရုံ (ဂျပန်) နှင့် Mandalay Furui ကုမ္ပဏီ၏ Candy, Biscuit & Cake စက်ရုံ (တရုတ်) တို့ တည်ဆောက်လျက်ရှိကြောင်းသိရှိရပါသဖြင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း သဘာဝအတိုင်း တည်ရှိသော မိုးရေစီးကြောင်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်းကြီးများအား မိုးရေစုကန်ကြီး၊ ကန်ငယ်များအဖြစ် ဖော်ထုတ်၍ ရေဂါလန်သန်းပေါင်း (၃၅၀) ခန့် စုဆောင်းနိုင်ပြီး သစ်ပင်များစွာစိုက်ပျိုးလျက် Green City ဖြစ်ပေါ်လာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသဖြင့်လည်းကောင်း ဒေသဖွံ့ဖြိုးရေးနှင့်အတူ သဘောဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ပူးတွဲဆောင်ရွက်နေသည်ကို သိရှိရပါသောကြောင့် များစွာနှစ်ထောင်းအားရ ဖြစ်ရပါ သည်။ ဤသို့သော Green City တည်ဆောက်ရန် ရည်မှန်းထားရှိသည်နှင့်အညီ တစ်ဆက်တည်း မှာကြား လိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမှုမရှိသော Green Product (ပလပ်စတစ် လျော့ချ သုံးစွဲခြင်း၊ လောင်စာဆီ လျော့ချသုံးစွဲနိုင်ခြင်း၊ ရေကိုလျော့ချသုံးစွဲနိုင်ခြင်းစသည့်) ပစ္စည်းများ ထုတ်လုပ်နိုင်သော Green Economy ဆိုင်ရာ စက်ရုံများ ဖြစ်ပေါ်လာစေနိုင်သည့် အစိမ်းရောင်စီးပွားရေးရပ်ဝန်း တည်ဆောက်ခြင်းကိုလည်း ကြိုးပမ်းစီမံဆောင်ရွက်ပေးနိုင်ရန် မှာကြားလိုပါသည်။

အားလုံးကိုခြုံငုံသုံးသပ်၍ အချုပ်အားဖြင့်ဆိုရလျှင် MMID အများပိုင်ကုမ္ပဏီ၏ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များ၏ လက်ရှိအခြေအနေအထိ ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အကျိုးရလာဒ်သည် နှစ်ပေါင်းများစွာဖွံ့ ဖြိုးမှုနိမ့်ကျခဲ့သော ဤဒေသအား အခြေအနေတစ်ရပ် အထိ ဖွံ့ဖြိုးတိုးတက်လာခြင်းကို မျက်ဝါးထင်ထင်တွေ့မြင်ရကြောင်းနှင့် MMID အများပိုင်ကုမ္ပဏီ သည် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် အခြေအနေအရ တွေ့ကြုံလာရသော စိန်ခေါ်မှုများကို တွန့်ဆုတ်ခြင်းမရှိဘဲ စွန့်စားမှု (High Risk) ယူ၍ ဖွဲ့လုံ့လအပြည့်စိုက်ထုတ် ရင်ဆိုင် ကျော်ဖြတ်ဆောင်ရွက်လျက်ရှိခြင်းကို မှတ်တမ်း တင်အပ်ပါသည်။ ဆက်လက်၍လည်း ပတ်ဝန်းကျင်ဒေသ ရပ်ဝန်းကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်၍ ဒေသခံပြည်သူများ အကျိုး၊ တိုင်းဒေသကြီးအကျိုး၊ နိုင်ငံတော်အကျိုးတို့ ဖြစ်ပေါ်စေရန် စီမံကိန်းအောင်မြင် သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ပြီး ကုမ္ပဏီအနေဖြင့်လည်း အောင်မြင်မှု ရရှိနိုင်ပါစေကြောင်း မေတ္တာ ပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

ဝန်ကြီးချုပ်
ဒေါက်တာဇော်မြင့်မောင်

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
## (VISION)

နိုင်ငံတကာ အဆင့်မီ သဘောဆိပ်ကမ်းနှင့်
ဖွံ့ဖြိုးတိုးတက်သော စက်မှုဥယျာဉ် ဖြစ်ပေါ် လာစေရန်။

ကျန်းမာစွာ နေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊
လူနေမှု အဆင့်အတန်းမြင့်မားရေးနှင့်
ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများတို့အတွက်
ပတ်ဝန်းကျင် ကောင်းတစ်ခု ဖြစ်ပေါ်လာစေရန်။







## ကျွန်ုပ်တို့၏ မျှော်မှန်းချက်
## (MISSION)

တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျော့ကျ၍
လူမှုစီးပွား ဘဝတိုးတက်ရန်နှင့်
အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာရေး။

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အတွက်
ဝန်ဆောင်မှု ပြည့်ဝသော စီးပွားရေးပတ်ဝန်းကျင် ဖော်ထုတ်ရန်။









# ဥက္ကဋ္ဌ ၏ အစီရင်ခံစာ . . .

## အစုရှယ်ယာရှင်များခင်ဗျား -

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် -

၁။ ယနေ့ ကျင်းပသော မန္တလေးမြို့သာ စက်မှု ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ (MMID) ၏ ဆဋ္ဌမ အကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကြီးမှာ အစုရှယ်ယာရှင်များနှင့် တွေ့ဆုံခွင့်ရပြီး အစီရင်ခံတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဤနှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်လူကြီးမင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမအနေဖြင့် တင်ပြအပ်ပါတယ်။

၂။ ကျွန်တော်တို့ MMID အများပိုင်ကုမ္ပဏီကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့၍ ဤစီမံကိန်းကြီးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူပြီး ကြိုးပမ်းအကောင်အထည် ဖော်ခဲ့သည်မှာ ကာလအားဖြင့် (၇)နှစ်ပြည့်မြောက်ခဲ့ပြီး ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား -

ပထမဦးစွာ (၇) နှစ်တာကာလအတွင်း စီမံကိန်းဆိုင်ရာ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများကို အကျဉ်းချုပ် တင်ပြလိုပါတယ် -

**၃။** မန္တလေးမြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းကြီးဖြစ်ပါတယ်။ လက်ရှိ MMID အနေဖြင့် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့် ဆီမီးခုံဆိပ်ကမ်းစီမံကိန်း Project (၂) ခု ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဤစီမံကိန်းကြီးစတင်ဆောင်ရွက်ခဲ့သည်မှာ (၇) နှစ်ကာလခန့်ရှိခဲ့သော်လည်း စီမံကိန်းဆောင်ရွက်ရာတွင်ပထမ (၂)နှစ်ကျော်ကာလမှာ အခက်အခဲများစွာ တွေ့ကြုံခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် မေလမှစ၍ Infrastructure လုပ်ငန်းများဖြစ်သော လမ်းဖောက်လုပ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး စသည့်လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ၂၀၁၉ ခုနှစ်အထိ (၅) နှစ် (၉) လ ရှိခဲ့ပါတယ်။

**၄။** ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဒါရိုက်တာအဖွဲ့နှင့်အကြံပေးပုဂ္ဂိုလ်များ၏ မှန်ကန်သင့်လျော်သော အကြံဉာဏ်များ၊ မန်နေဂျာများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စည်းလုံးညီညွတ်သောဝန်ထမ်းများအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှု၊ အစုရှယ်ယာရှင်များတို့၏ အားပေးပံ့ပိုးမှုတို့ကြောင့်ကုမ္ပဏီအနေဖြင့် အောင်မြင်မှုအဆင့်တစ်ခုသို့ ရောက်ရှိပြီးအခက်အခဲပေါင်းများစွာဖြင့် နှစ်တစ်နှစ်ကို ထပ်မံကျော်ဖြတ်နိုင်ခဲ့ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ အစီရင်ခံတင်ပြအပ်ပါတယ်။




ဖြစ်ပေါ်လာရန် မျှော်မှန်းသည့်စက်မှုဥယျာဉ်မြို့ ပုံစံ

## စီမံကိန်းတိုးတက်လာမှုအခြေအနေကိုတင်ပြခြင်း

**၅။** ၂၀၁၄ ခုနှစ် မေလမှ Infrastructure လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းပြည်ပ Investor များ စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်တွင် ပြည်ပမှ Investor များ ပိုမို၍ ဝင်ရောက်လာခဲ့ပါတယ်။ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ထပ်မံ၍ ကုမ္ပဏီ (၅) ခု စာချုပ်ချုပ်ဆိုပြီး တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီး၍ လုပ်ငန်းလည်ပတ်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း စီမံကိန်းဧရိယာသို့ ရင်းနှီးမြှုပ်နှံရန် လာရောက်ကွင်းဆင်း ဆက်သွယ်စုံစမ်းသည့် ကုမ္ပဏီပေါင်း (၇၀) ကျော်ခန့်ရှိ၍ ယင်းတို့အနက် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် MOU အဆင့် လက်မှတ်ရေးထိုးပြီး ကုမ္ပဏီ (၇) ခု ရှိခဲ့ပါတယ်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူ Investor အားလုံး မြေယာနှင့်ပတ်သက်၍ စိတ်ချယုံကြည်မှုရှိစေရန် စီမံကိန်းနှစ်ခု၏ မြေဧရိယာအားလုံးအတွက် လယ်ယာမြေ ဥပဒေ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း များနှင့်အညီ မြေယာအမျိုးအစားအလိုက် အခြားနည်း သုံးစွဲခွင့် ခွင့်ပြုမိန့်များ ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပြီး စက်မှုစီးပွားမြေငှားဂရန်များ ထုတ်ပေးနိုင်ရန် အဓိကလိုအပ်သော မြေတိုင်းတာခြင်း လုပ်ငန်းများ စသည်တို့ကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် သက်ဆိုင်သည့်ဌာနများ သို့တင်ပြပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့ပါ၍ စီမံကိန်း ဧရိယာအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် မြေငှားဂရန်များထုတ်ပေးနိုင်ခဲ့ပါတယ်။




စီမံကိန်းအတွင်း နိုင်ငံတကာအဆင့်မီကားများ စတင်ထုတ်လုပ်နေပြီဖြစ်သော
**Gold AYA** မော်တော်ယာဉ် တပ်ဆင် ထုတ်လုပ်ရေး စက်ရုံအားတွေ့ရစဉ်

၆။ စီမံကိန်းဧရိယာအတွင်း မူလတည်ရှိနေသော သဘာဝရေမြေအနေအထားအရ မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့၍ စိုက်ပျိုးရေးဖြစ်ထွန်းမှု မရှိကြောင်း၊ မိုးရွာသည့်အချိန်ကာလတွင် မြေဧရိယာ၏ (၅) ရာခိုင်နှုန်းခန့်သာ တောင်သူသီးနှံများ စိုက်ပျိုးနိုင်သည်ကို အများသိရှိပြီးဖြစ်ပါတယ်။ ဤကဲ့သို့သော နေရာဒေသတွင် MMID အများပိုင်ကုမ္ပဏီအနေဖြင့် စိတ်ရင်းစေတနာ လုံ့လဝီရိယအပြည့်ခံယူထားပြီး စီမံကိန်း ဧရိယာအတွင်း အထူးလိုအပ်သည့် လမ်း၊ ရေ၊ လျှပ်စစ်မီးများရရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည့်အပြင် စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်များစွာစိုက်ပျိုးရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ခဲ့ပါတယ်။







**၇။** MMID အများပိုင်ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်စနစ်မှာ အစုရှယ်ယာရှင်များ မတည်ရင်းနှီးငွေအပြင် ပြည်တွင်းပြည်ပ Investor များထံမှ ရရှိလာသော မြေငှားရမ်းခများကို Roll Over Financing System (Re-investment) ပြုလုပ်ခြင်း၊ မြေငှားရမ်းခမှ ရရှိသောငွေ မလုံလောက်ပါက ပြည်တွင်းဘဏ်ချေးငွေကိုအားထားပြီး ထပ်မံ၍ ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းဧရိယာအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် MMID မှ ရင်းနှီးမြှုပ်နှံမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါတယ်။

| | | | |
|---|---|---|---|
| (က) | ပြည်တွင်းရင်းနှီးမြှုပ်နှံမှု | စုစုပေါင်းငွေကျပ် | ၂၄၃ Billion |
| (ခ) | ပြည်ပရင်းနှီးမြှုပ်နှံမှု | စုစုပေါင်း US$ | 513 Million |



စီမံကိန်းအတွင်း ရှိ Deheus တိရိစ္ဆာန်အစာစပ်စက်ရုံအားတွေ့ရစဉ်

## ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာသောစက်ရုံ/ အလုပ်ရုံများ

**၈။** စီမံကိန်းအတွင်း တည်ဆောက်ပြီးလုပ်ငန်းလည်ပတ်လျက်ရှိသော စက်ရုံများမှာ (အင်ဒိုနီးရှားJV) Japfa တိရိစ္ဆာန် အစာစပ်စက်ရုံ၊ Japfa Hatchery Farm (၃) ရုံ၊ Japfa Breeder & Broiler Farm (၁၂) ရုံ၊ Deheus တိရိစ္ဆာန်အစာစပ်စက်ရုံ (နယ်သာလန်)၊ Lotus Wood Factory (ဟောင်ကောင် JV)၊ Myanmar Dingwang Food ကုမ္ပဏီ၏ Biscuits Food Processing Factory (China)၊ ကွန်ကရစ်တိုင်-စက်ရုံ (ထိုင်းနှင့်JV)၊ Gold AYA မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (China) နှင့် Mandalay Longyear Shoes (China)တို့ဖြစ်ကြပါတယ်။










ဒေအာင်မြင်စွာ လုပ်ငန်းလည်ပတ်လျက်ရှိသော **Japfa** တိရိစ္ဆာန် အစာစပ်စက်ရုံများ အားတွေ့ရစဉ်














Myanmar Dingwang Food ကုမ္ပဏီ၏ Biscuits Food Processing Factory အားတွေ့ရစဉ်






PECP (Thailand) ကွန်ကရစ်တိုင် စက်ရုံအားတွေ့ရစဉ်

**၈။** တည်ဆောက်ဆဲစက်ရုံများမှာ တရုတ်နိုင်ငံ ပေါင်ရှန်းပြည်နယ်ခွဲ၏ လုပ်ငန်းရှင်အုပ်စု စက်ရုံအလုပ်ရုံ (၂၂)ရုံ၊ Mandalay Foot Step ဘိနပ်စက်ရုံ (China)၊ (၄) ထပ်ဟိုတယ် (၁) လုံး၊ Mandalay Furui ကုမ္ပဏီ၏ Candy, Biscuit & Cake စက်ရုံ (China)၊ Aida Amazing ကုမ္ပဏီ၏ Metal Recycle စက်ရုံ (Japan) နှင့် FWJ Myanmar Ltd ၏ Dried Fruit စက်ရုံ (Japan) တို့ ဖြစ်ကြပါတယ်။



Mandalay Furui ကုမ္ပဏီ၏ Candy, Biscuit & Cake စက်ရုံ အားတွေ့ရစဉ်







ဆောက်လုပ်ပြီးစီးသွားသော
၄ထပ် ဟိုတယ်အား တွေ့ရစဉ်



ပေါင်ရှန်းပြည်နယ်ခွဲ၏ လုပ်ငန်းရှင်အုပ်စုမှ **Standard Factory & Warehouse** များ စတင်တည်ဆောက်နေပုံ




တည်ဆောက်ဆဲ **FWJ Myanmar Ltd** ၏ **Dried Fruit** စက်ရုံအား တွေ့ရစဉ်



ဆောက်လုပ်ပြီးစီးသွားသော **Aida Amazing** ကုမ္ပဏီ၏ **Metal Recycle** စက်ရုံအား တွေ့ရစဉ်

## နိုင်ငံတော်အကြီးအကဲများ ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်းနှင့် လမ်းညွှန်မှုများခံယူရရှိခြင်း

### နိုင်ငံတော်သမ္မတကြီး ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်း

**၁၀။** မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားများတွင် ဖိတ်ခေါ်အားပေး ကူညီပံ့ပိုးမှု၊ MMID အများပိုင်ကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများ ထင်ရှား ဖြစ်ပေါ်လာသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းသို့ နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်သည် (၂-၈-၂၀၁၉) နေ့ ညနေပိုင်းတွင် ရောက်ရှိလာပြီး Mandalay Longyear Shose ဘိနပ်ချုပ်စက်ရုံ၊ Gold AYA မော်တော်ကားစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရုံးရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြမှုများအပေါ် ကျေနပ်အားရမှု ရှိကြောင်းနှင့် ဒေသခံကျေးလက် ပြည်သူများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြား ခဲ့ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များမှ
**Mandalay Longyear Shoe** ဘိနပ်ချုပ်စက်ရုံအတွင်း
လိုက်လံကြည့်ရှုစစ်ဆေးစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များအား **Gold AYA** မော်တော်ယာဉ် စက်ရုံ၌
တာဝန်ရှိသူများမှ မော်တော်ယာဉ်တပ်ဆင် ထုတ်လုပ်နေမှုအား လိုက်လံရှင်းလင်း ပြသစဉ်

## နိုင်ငံတော်ဒုတိယသမ္မတကြီးကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်း

**၁၁။** နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ၉-၂-၂၀၁၉ နေ့တွင် မြို့သာစက်မှုဥယျာဉ် စီမံကိန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာပြည်အလယ်ပိုင်း စံပြစက်မှုစီမံကိန်းအဖြစ် အောင်မြင်အောင် စီမံဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါတယ်။



နိုင်ငံတော်ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ စီမံကိန်း အတွင်းရှိ
**Longyear Shoes Factory** အား ကြည့်ရှုစစ်ဆေးစဉ်



နိုင်ငံတော်ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ
**Myotha National Championship Golf** ကွင်းအတွင်း
အကောင်အထည်ဖော်မည့်အိမ်ရာစီမံကိန်း များအား ကြည့်ရှုနေစဉ်




ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ တတိယအကြိမ်မြောက် **MMID** နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနေစဉ်




**MNGC Golf Course** ဖွင့်ပွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် ဧည့်သည်တော်များမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ရောဝတီ ဆီမီးခံ့ဆိပ်ကမ်းသို့ လာရောက် ကြည့်ရှုစစ်ဆေးနေစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ MMID နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြစဉ်

# စီမံကိန်းတွင် တီထွင်ဆောင်ရွက်ခြင်း

**၁၂။** စီမံကိန်းဧရိယာအတွင်းတည်ရှိနေသော သဘာဝရေမြေ အနေအထားပေါ်မူတည်၍ အောက်ပါ လုပ်ငန်းများကို ခေတ်မီနည်းစနစ်များအသုံးပြုလျက် တီထွင်အကောင်အထည်ဖော်နိုင်ခဲ့ပါတယ် -

(က) ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းကို ပထမဦးဆုံးသော ရေပေါ် Pontoon တန် (၅၀) ကရိန်း တည်ဆောက်ခြင်း

မြန်မာနိုင်ငံအတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှစ်ပေါင်းများစွာ ရေကြောင်းပြောင်းလဲမှု မရှိသော ဆီမီးခုံဆိပ်ကမ်းကို ရေတက်ရေကျ လိုက်ပါဆောင်ရွက်နိုင်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံး တန် (၅၀) ကုန်တင်ကုန်ချပြုလုပ်နိုင်သည့် ကရိန်းတပ်ဆင်ထားနိုင်ခဲ့ပြီး ကျန်ရှိသော International River Port, Passenger Terminal Port, Tank Farm နှင့် Recreation Center များကို ဆက်လက် ဆောင်ရွက် သွားပါမည်။



တန် (၅၀) ကရိန်းအား အသုံးပြုပြီး ကုန်တင်၊ ကုန်ချ လုပ်ငန်းများ ပြုလုပ်နေစဉ်









ဆီမီးခုံ (ရောဝတီ) ဆိပ်ကမ်းနှင့် မြို့သာစက်မှုဥယျာဉ်အကြား ပေ ၂၀၀ အကျယ် (၁၁) မိုင် အရှည်ရှိ မြေဧရိယာ (၁၈၂.၂၈၅) ဧရိယာကို စီမံကိန်းတိုးချဲ့ဧရိယာအဖြစ် ကုမ္ပဏီမှရင်းနှီးမြှုပ်နှံဝယ်ယူခဲ့ပြီး မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ် ခရိုင်ချင်းဆက် PLR (Port Link Road) မြေသား လမ်းဖောက်လုပ်နိုင်ခဲ့သဖြင့် မြင်းခြံမြို့နယ်မှ ကျေးရွာ (၁၉)ရွာ၊ ငါန်းဇွန်မြို့နယ်မှ ကျေးရွာ (၂၄) ရွာ စုစုပေါင်း ကျေးရွာ (၄၃) ရွာတို့မှ အများပြည်သူ (၂၅၈၄၀) ကျော်ခန့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီး ခရီးသည်တင်ယာဉ်များ ပြေးဆွဲလျက်ရှိပါတယ်။



စီမံကိန်းအတွင်းဖောက်လုပ်ထားသော
လမ်းမကြီးများအား တွေ့ရစဉ်



## (ဂ) လှိုမြောင်းချိုင့်ဝှမ်း မြေနေရာတွင် အဆင့်မြင့်ဂေါက်ကွင်းဖော်ထုတ်ခြင်း

စက်မှုဥယျာဉ်ဧရိယာအတွင်း မြောက်ဘက်ခြမ်းနေရာများ၏ (၄၀%) ခန့်သည် မိုးရေစီးကြောင်း လှိုမြောင်းချိုင့်ဝှမ်းများပါဝင်နေပြီး စက်ရုံ၊ အလုပ်ရုံတည်ဆောက်ရန် မြေအနိမ့်၊ အမြင့် ညီညာမှု မရှိသဖြင့် အဆိုပါမြေနေရာများတွင် တီထွင်ဆန်းသစ်မှုတစ်ခုအဖြစ် နိုင်ငံခြားလုပ်ငန်းရှင်များ စိတ်ပါဝင်စားသော၊ ဒေသခံကျေးလက် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း အမြန်ရရှိစေသော အဆင့်မြင့် (၁၈) ကျင်းပါ Myotha National Golf Course ကို အမေရိကန် Schmidt-Curley Design Inc. ဖြင့် ဖော်ထုတ်တည်ဆောက်ခဲ့ပါတယ်။ သဘာဝ အလျောက်တည်ရှိသော မြေအနေအထားတွင် အဆင့်မြင့်တည်ဆောက်ထားခြင်းဖြစ်၍ ပြည်တွင်းပြည်ပ ဂေါက်သီးဝါသနာရှင်များ စိတ်ဝင်တစား ကြိုက်နှစ်သက်မှု ရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ထိုင်းနိုင်ငံ ဘန်ကောက် အခြေစိုက် Asia Pacific Golf မှ ချီးမြှင့်သော Asia Golf Award၊ ၂၀၁၈ တွင် One of the Best in Asia နှင့် Best Course in Myanmar ဆု ချီးမြှင့်ခံရပါတယ်။ စီမံကိန်း ဧရိယာအတွင်း နိုင်ငံတကာ အဆင့်မီဂေါက်ကွင်းကြီး တည်ဆောက်နိုင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းရှင်များအား စိတ်ပါဝင်စားစွာ ဝင်ရောက်လာစေရေးအတွက် ဆွဲဆောင်မှုတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ပြီး ပတ်ဝန်းကျင်ဒေသခံ ကျေးလက် ပြည်သူ (၄၀၀) ကျော်ခန့် အလုပ်အကိုင် အခွင့်အလမ်းများ ပုံမှန်ရရှိစေပြီး စိမ်းလန်းစိုပြေသာယာသော ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်ရရှိသည့်အပြင် Golf Tourism လုပ်ငန်းအတွက်ပါ အကျိုးပြုလျက် ရှိပါတယ်။










Asia Pacific Golf မှ ချီးမြှင့်သော Asia Golf Award၊
၂၀၁၈ တွင် One of the Best in Asia နှင့် Best Course in Myanmar ဆုတံဆိပ်များ



Hole No.13th (Per 3) Blue Tee, 178 ကိုက်မှ Green သို့ တွေ့မြင်ရပုံ



Hole No.14th ( Par-5 ) အား တွေ့မြင်ရပုံ



Hole No.2nd အား တွေ့မြင်ရပုံ





Hole No.5th (Par-3) အား တွေ့မြင်ရပုံ



Hole No.16th အား ကောင်းကင်မှ တွေ့မြင်ရပုံ



Hole No.13rd ( Par-3 ) အားအမြင့်တစ်နေရာမှ တွေ့မြင်ရပုံ



Hole No.13th (Par 3) Blue Tee, 178 ကိုက်မှ Green သို့တွေ့မြင်ရပုံ



Hole No.16th ( Par-3 )အားတွေ့မြင်ရပုံ




DENMARK နိုင်ငံမှ Golfer များ Golf ကစားပြီး အမှတ်တရ ဓါတ်ပုံရိုက်စဉ်

## (ဃ) မူလသဘာဝရှိ လျှိုမြောင်ချိုင့်ဝှမ်းကြီးများအား ရေစုကန်၊ ရေလှောင်ကန်ကြီးများအဖြစ် တီထွင် ဖော်ထုတ်ခြင်း နှင့် စိမ်းလန်းစိုပြေရေးသစ်ပင်စိုက်ပျိုးခြင်း



စီမံကိန်းအတွင်း ရေရရှိရေး၊ စိမ်းလန်းစိုပြေရေးအတွက်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းကြီးများအား စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေပုံ

မိုးခေါင်ရေရှားရပ်ဝန်းတွင်ပါဝင်၍ ပူပြင်း ခြောက်သွေ့သော ဤဒေသအား သစ်ပင်များစွာ စိုက်ပျိုး၍ စိမ်းလန်းစိုပြေသော သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် Green City အဖြစ် တည်ဆောက်ရန် ရည်မှန်းလျက် လုံလောက်သောရေရရှိစေရေးကို တီထွင်ဖော်ထုတ် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းဧရိယာမြောက်ဘက်ပိုင်းတွင် မိုးရေစီးကြောင်း လျှိုမြောင်၊ ချိုင့်ဝှမ်းများပါရှိနေသဖြင့် စက်ယန္တရားများ အသုံးပြု၍ ရေစုကန်ကြီးများ၊ ရေကန်ငယ်များ ဖော်ထုတ် ခဲ့ရာရေစုကန်ကြီး (၇) ကန် (၅၈.၃) ကေနှင့် ရေကန်ငယ်များ (၁၅) ကန် (၆၉) ကေခန့် ဖော်ထုတ်တည်ဆောက်နိုင်ခဲ့ပါတယ်။ စီမံကိန်းဧရိယာအတွင်း ကျန်ရှိသောနေရာများတွင်လည်း ဆက်လက်ဖော်ထုတ်ဆောင်ရွက်သွားပါမည်။ လက်ရှိဖော်ထုတ်ပြီး ရေကန်များ၏ စုစုပေါင်း ရေသိုလှောင်မှု ပမာဏမှာ ရေဂါလန်သန်းပေါင်း (၃၅၀) စုဆောင်းနိုင်ပြီဖြစ်ပါတယ်။ စီမံကိန်း ဧရိယာအတွင်း စိမ်လန်းစိုပြေသာယာရေးအတွက် ပျိုးဥယျာဉ်တစ်ခု တည်ထောင်ထားပြီး ရာသီဥတုနှင့် ကိုက်ညီသည့် သစ်ပင်ပေါင်း ၃၆၀၀၀ စိုက်ပျိုးထားရှိပါတယ်။



စီမံကိန်း ရေရရှိရေး၊ စိမ်းလန်းစိုပြေရေးအတွက် လိုအပ်သည့်ရေများကို ရေလှောင်ကန်ကြီးမှ ရရှိနေခြင်း



တည်ဆောက်ပြီးစီးသော ရေသိုလှောင်ကန်ကြီးအား တွေ့ရစဉ်

# ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေရေး ကြိုးပမ်းဆောင်ရွက်ခြင်း

**၁၃။** ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေရန် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သော Invest Myanmar Summit 2019, China - Myanmar (Yangon) Trade Fair 2019, "Mandalay International Trade Fair & Business Forum 2019" တို့တွင် စီမံကိန်းနမူနာပုံစံ၊ Power Point တို့ဖြင့် ရှင်းလင်းပြသ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံများမှ ကုမ္ပဏီ (၆) ခုတို့နှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ MOU နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။




**Mandalay International Trade Fair & Business Forum** ဖွင့်ပွဲအခမ်း အနားတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ အမှတ်တရ စုပေါင်းမှတ်တမ်းဓါတ်ပုံ ရိုက်ကြစဉ်




**Hubei Industrial Construction Group Company (HICC)** ကုမ္ပဏီ နှင့် **MMID** ကုမ္ပဏီတို့ လုပ်ငန်းသဘောတူ နားလည်မှုစာချွန်လွှာ **(MOU)** လက်မှတ်ရေးထိုးနေစဉ်



**Mandalay International Trade Fair & Business Forum** ဖွင့်ပွဲအခမ်း အနားတွင်
ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ မန္တလေး – မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းပြခန်းအား ကြည့်ရှုလေ့လာကြစဉ်




**China - Myanmar (Yangon) Trade Fair 2019** တွင်
အမှတ်တရ စုပေါင်းမှတ်တမ်းဓါတ်ပုံ ရိုက်ကြစဉ်

မန္တလေး – မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်း ရင်းနှီးမြှုပ်နှံမှု
နိုင်ငံတကာ ကုမ္ပဏီလီမိတက်တို့ နားလည်မှုစာချွန်လွှာ **(MOU)**
လက်မှတ်ရေးထိုးပြီး ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်နေစဉ်



## လေ့လာရေးအဖွဲ့များလာရောက်ခြင်း

**၁၄။** ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားကုမ္ပဏီများ (၄၅) ဖွဲ့၊ ပြည်တွင်းတက္ကသိုလ်ကောလိပ်အဖွဲ့အစည်း (၁၇)ဖွဲ့တို့က လာရောက်လေ့လာခဲ့ကြပြီး ပြည်တွင်းပြည်ပ ဂေါက်သီးရိုက်ဝါသနာရှင် (၇) ဖွဲ့က ပြိုင်ပွဲများလာရောက်ကျင်းပခဲ့ကြပါတယ်။

## ကျေးလက်ရိုးရာယဉ်ကျေးမှုနှင့် ဘာသာ၊ သာသနာထွန်းကားပြန့်ပွားရေးဆောင်ရွက်ခြင်း

**(၁) စက်မှုဥယျာဉ်ဓမ္မာရုံတည်ဆောက်ခြင်း။** နှစ်ပေါင်း (၁၀၀) ကျော်ဒေသခံများ တည်ထား ကိုးကွယ်ခဲ့သည့် ကျောက်ဘုရား ရာပြည့်ပွဲ ကျင်းပခြင်းနှင့် ကျောင်းမြေ ဧရိယာသတ်မှတ်လှူဒါန်းပြီး စက်မှုဥယျာဉ် ဓမ္မာရုံကို MMID ကုမ္ပဏီ၏ ပင်မကုမ္ပဏီဖြစ်သော RHGC မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါ ဓမ္မာရုံ တွင် အလှူပွဲ၊ တရားပွဲ၊ ဝိပဿနာတရားစခန်းပွဲများ ဖွင့်လှစ်ကျင်းပ လျက် ရှိပါတယ်။



လောကချမ်းသာ နဂါးရုံဘုရားတွင် သံဃာတော် အရှင်သူမြတ်များမှ
ဘုရားအနေကဇာတင်ပြီး ပြန်လည်ကြွရောက်တော် မူလာစဉ်

**(၂) အောင်တော်မူဓမ္မာရုံတည်ဆောက်လှူဒါန်းခြင်း။** စက်မှုဥယျာဉ် စီမံခန့်ခွဲရေးရုံး ဧရိယာတွင်လည်း MMID ကုမ္ပဏီ၏ ပင်မကုမ္ပဏီဖြစ်သော RHGC မိသားစုက အောင်တော်မူဓမ္မာရုံတည်ဆောက် လှူဒါန်းနိုင်ခဲ့သဖြင့် ဝါတွင်းဝါပ တရားပွဲများ ပတ်ဝန်းကျင် ကျေးရွာများ၏ ဝတ်ရွတ်ပွဲများ ဝါဆိုပွဲများ ကျင်းပနိုင်ခဲ့ပါတယ်။



အောင်တော်မူဓမ္မာရုံတည်ဆောက်လှူဒါန်း၊ ရေစက်ချပွဲတွင် ဗန်းမော်ဆရာတော်ဘုရားကြီးမှ ပရိတ်ရေချမ်းများအား အလှူတော် ကျောက်စာတိုင်ကို ဖြန်းပက်ပေးစဉ်



**(၃) လောကချမ်းသာ နဂါးရုံဘုရား တည်ထားကိုးကွယ်ခြင်း။** မြို့သာစက်မှုဥယျာဉ်စီမံကိန်းဧရိယာအတွင်း ဆိပ်ကမ်းလမ်းအဝိုင်းမြောက်ဘက်တွင် ဒေသခံကျေးလက်ပြည်သူများ အစဉ်အလာခေါ်ဝေါ်တည်ရှိခဲ့သည့် ဘုန်းကြီးကန် (အပေါင်းနေရာ)ကို ပေ(၂၇၀) × ပေ(၁၈၀)အကျယ်ရှိ လောကချမ်းသာ ကန်တော်မင်္ဂလာ အဖြစ် ပြန်လည်ပြုပြင် တူးဖော်ပြီး ကန်တော်မင်္ဂလာအလယ်တွင် လောကချမ်းသာ နဂါးရုံဘုရားနှင့် ဓမ္မာရုံကို RHGC ကုမ္ပဏီ၊ ZY ကုမ္ပဏီနှင့် MMID အရာထမ်း ဝန်ထမ်းများ၊ မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်တို့၏ ဒေသခံကျေးလက်ပြည်သူအများ စုပေါင်းကောင်းမှုဖြင့် တည်ထားကိုးကွယ်လျက်ရှိကြပြီး (၁၁.၁.၂၀၂၀)နေ့တွင် ရေစက်သွန်းချ လှူဒါန်းခဲ့ကြပါတယ်။ သီလဂုဏ်၊ သမာဓိဂုဏ် မြင့်မားကျော်ကြားသော ဆရာတော်ကြီးများ၏တရားပွဲများကို လည်း ကျင်းပနိုင်ခဲ့ပါတယ်။ ဒေသခံကျေးလက် ပြည်သူများ၏ ယခင်အစဉ်အလာရှိခဲ့သော နေရာဒေသအား ယုံကြည်ကိုးကွယ် အားထားကြည်ညိုဘွယ်ရာ ဘုရားတစ်ဆူ တည်ထားပေးနိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ အဆင့်မြင့်ဘာသာရေးပွဲတော် ဖြစ်ပေါ်လာရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

## ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စီမံချက်

**၁၅။** ၂၀၂၀ခုနှစ်အတွင်း စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကိုတင်ပြပါမည် -

### (က) စံချိန်မီ (၄) လမ်းသွားလမ်းသစ်ဖောက်လုပ်ရန် စီမံထားရှိခြင်း

မြို့သာစက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်းအကောင်အထည်ဖော်ခဲ့သည် (၅)နှစ်ကျော် ကာလ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေနှင့် အတွေ့အကြုံအရ စက်မှု ဥယျာဉ် မြို့တော်မှ ရန်ကုန်- မန္တလေး အမြန်လမ်းသို့ အချိန်တိုတောင်းစွာဖြင့် တိုက်ရိုက်သွားလာ နိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ကြောင်းသိရှိ လာရပါတယ်။ သို့ပါ၍ ဆီမီးခုံ ဆိပ်ကမ်းမှ အမြန်လမ်းမကြီးအထိ (58 km) အရှည်ရှိသော အဆင့်မြင့် (၄)လမ်းသွား စီမံကိန်းကို ၂၀၂၀ ခုနှစ်အတွင်း ဧပြီလမကုန်မီ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ အဆိုပါလမ်းသစ် ဖြစ်ပေါ်လာပါက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့နှင့် ဧရာဝတီရေလမ်းခရီးတို့မှ ခရီးသည်နှင့် ကုန်စည်များ ဆီမီးခုံဆိပ်ကမ်းမှတစ်ဆင့် အမြန်လမ်းသို့ အမြန်ရောက်ရှိနိုင်ပြီး ကုန်စည်စီးဆင်းမှု လျင်မြန် သွက်လက်လာမှုကြောင့် အရှိန်အဟုန်ဖြင့် ဒေသဖွံ့ဖြိုးလာမည်ဟု ယုံကြည် ပါတယ်။




Golf Estate Green City အဝင်မုဒ်ဦးအား မြင်တွေ့ရပုံ

**(ခ)** အထက်ဖော်ပြပါ (၄)လမ်းသွား စီမံကိန်းပြီးစီးသည်နှင့်တစ်ပြိုင်တည်း ပြည်တွင်းပြည်ပမှ Investors များ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာမည်ဖြစ်၍ မြို့သာစက်မှုဥယျာဉ် မြို့တော်အတွင်း လိုအပ်သည့် Goft Estate Green City ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါတယ်။ ယင်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စေရန် Commercial Centre, Recreation Resort, International School, International Hospitalများ ပါဝင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါတယ်။

## (ဂ) လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်ရေး

စီမံကိန်းသို့ ထပ်မံဝင်ရောက်လာမည့် Investor များအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများ အသင့်ရရှိနိုင်ရန် Solar နှင့် လိုအပ်သော လျှပ်စစ်ဓါတ်အားများရရှိရေး ထပ်မံတိုးချဲ့တည်ဆောက်သွားပါမည်။

## (ဃ) ရေစုကန်များဆက်လက်တည်ဆောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း

စီမံကိန်းဧရိယာတစ်ခုလုံး စိမ်းလန်းစိုပြေသာယာလှပသော Green City ဖြစ်ပေါ်လာစေရန် လျှိုမြောင်၊ ချိုင့်ဝှမ်း၊ ရေစီးကြောင်း နေရာအားလုံးကို ရေစုကန်အကြီးအငယ်များအဖြစ် ထပ်မံဖော်ထုတ်ပြီး ဒေသနှင့် ကိုက်ညီသော အမြဲစိမ်းသစ်ပင်များ ကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားပါမည်။

## (င) ယဉ်ကျေးမှုနှင့် အသိပညာတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရန်

စီမံကိန်းတည်ရှိရာ ဒေသရပ်ဝန်းကြီးတစ်ခုလုံးသည် ရေးနှစ်ပေါင်းများစွာဖွံ့ဖြိုးမှု နိမ့်ကျခဲ့သဖြင့် လူနေမှုစရိုက်ကြမ်းတမ်းပြီး ယဉ်ကျေးမှုဆိုင်ရာအသိအမြင်အားနည်းခဲ့သောကြောင့် MMID ကုမ္ပဏီ၏ CSR အဖွဲ့က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့်အတူ စီမံကိန်းဧရိယာအတွင်း တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ နဂါးရုံဘုရားတွင် ပတ်ဝန်းကျင်ဒေသခံ ကျေးလက်ပြည်သူများ၏ နှစ်စဉ်ကျင်းပမြဲ ဘုရားပွဲတော် ဖြစ်ပေါ်လာရေး၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေး၊ အသိအမြင်ပညာ တိုးတက်ပြန့်ပွားရေးလုပ်ငန်းများ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။



ဟားခါးဗီလာ အိမ်ယာ Master Plan နှင့် ဝင်ပေါက်ဂိတ်တည်ဆောက်ပြီးစီးပုံ

## ဒေသဖွံ့ဖြိုးရေးနှင့်လူမှုတာဝန်ကျေပွန်ရေး CSR လုပ်ငန်းများဆောင်ရွက်ခြင်း

**၁၆။** စီမံကိန်းလုပ်ငန်းများအား စတင်အကောင်အထည်ဖော်သည့်အချိန်မှစ၍ ဒေသခံကျေးလက်ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ဒေသဖွံ့ ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း မြင်းခြံခရိုင်၊ ကုက္ကဲကျေးရွာဒေသ (၅၈) ရွာ မီးလင်းရေး၊ မြင်းခြံမြို့နယ် ဆုံရွာ/ကွေ့ ကြီးကျေးရွာများ မီးလင်းရေးတို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်လုပ်ငန်းများကိုလည်း ဆက်လက်ပံ့ပိုးကူညီခဲ့ပါတယ်။ စီမံကိန်းစတင်သည့်အချိန် မှ ယနေ့အထိ CSR ဆိုင်ရာ လုပ်ငန်းများသုံးစွဲငွေကျပ် (၁.၉၈၃)ဘီလီယံဖြစ်ပါတယ်။



မြင်းခြံမြို့နယ် **66/11 KV, 5 MVA** ကုက္ကဲဓါတ်အားခွဲရုံ ဖွင့်ပွဲနှင့် ကုက္ကဲဒေသ မီးလင်းခြင်းအခမ်းအနားဖွင့်ပွဲတွင်
ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် နှင့် တာဝန်ရှိသူများက
ကုက္ကဲ ဓါတ်အားခွဲစက်ရုံ
အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်



မြင်းခြံမြို့နယ် **66/11 KV, 5 MVA** ကုက္ကဲဓါတ်အားခွဲရုံ ဖွင့်ပွဲနှင့်
ကုက္ကဲဒေသ မီးလင်းခြင်းအခမ်းအနားဖွင့်ပွဲတွင်
လျှပ်စစ်၊ စွမ်းအင် နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့်
တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်



ခေမာသီရိ ကွန်ပြူတာ အခြေခံသင်တန်းဆင်းပွဲ



သာသနာထွန်းကားရေးအတွက် တရားပွဲများပြုလုပ်ကျင်းပခြင်း





စက္ခုဒါနအလှူတော်နဲ့ အသည်းရောင်အသားဝါ အခမဲ့ စစ်ဆေးပေးခြင်း




မြင်းခြံမြို့နယ် ကွေ့ကြီးကျေးရွာ အဝင်တံတားအား MMID ဥက္ကဋ္ဌ ဦးအောင်ပင်းခိုင်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်



အနောက်တော ကျေးရွာအုပ်စုတွင် ကျေးရွာဆေးခန်းအတွက်
မြေနေရာလှူဒါန်းခြင်း



ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ
ပညာရေး စုံညီပွဲတော် ကျင်းပနေစဉ်



စီမံကိန်းဧရိယာပတ်ဝန်းကျင် ကျေးရွာများရှိ ဘိုဘွား ၁၁၀၀ ကျော်တို့အား သက်ကြီးပူဇော်ပွဲ ကျင်းပနေစဉ်



ကျောက်တိုင်ကျေးရွာ ကျေးလက်ရေရရှိရေးအတွက်
လှူဒါန်းခြင်း



အိုင်သာအုပ်စု ကျေးရွာချင်းဆက်လမ်း
ပြုပြင်ရန်အတွက် စက်သုံးဆီလှူဒါန်းခြင်း

## အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း

**၁၇။** စီမံကိန်းဧရိယာအတွင်း CSR ရုံး သီးခြားဖွင့်လှစ်ထားရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စီမံကိန်းဧရိယာအတွင်း စက်ရုံ၊ အလုပ်ရုံများနှင့် ဆောက်လုပ်ရေးနှင့် ယန္တရားကုမ္ပဏီများတွင် အလုပ်အကိုင် ၊ အခွင့်အလမ်းရရှိသူ စုစုပေါင်း (၂၄၉၇)ဦးရှိပါ တယ်။ ဖော်ပြပါဝန်ထမ်းဦးရေတွင် ဒေသခံအလုပ်သမားဦးရေ (၂၃၀၀) ပါဝင်ပါသဖြင့် ဒေသခံများမှ အလုပ်အကိုင် အခွင့်အလမ်း (၉၀%) ရရှိပါတယ်။

**၁၈။** ဤစီမံကိန်းကြီးသည် ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာစေရေး ဒေသရပ်ဝန်းကြီးရှိ ကျေးလက်ပြည်သူများ စီးပွားရေးဖွံ့ ဖြိုးတိုးတက်လာစေရေးစသည့် ရည်မှန်းချက်များဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုအမြဲခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အောက်ဖော်ပြပါ အကျိုးရလဒ်များ တစ်ပါတည်း ရရှိနိုင်မည် ဖြစ်ပါတယ် –

(က) စီမံကိန်း Master Plan ဧရိယာသည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုနေရာတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ (၄၀) ရာခိုင်နှုန်းဖြင့် ဝန်းရံလျက် အရှေ့အနောက်တောင်မြောက်တွင် ရှိသည့် အိန္ဒိယ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ချ်နိုင်ငံ၊ ထိုင်းနိုင်ငံများသည် အာရှနိုင်ငံများ၏ အဓိက Logistic Hub ဖြစ်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကြီးမား ဆုံးသောနေရာ ဒေသတစ်ခုဖြစ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီအကြီး၊ အလတ်၊ အငယ် များအတွက် လိုအပ်သည့် မြေကိုသင့်လျော်သော နှုန်းထားဖြင့်ရရှိနိုင်ခြင်း၊

(ဂ) ပြည်ပရင်းနှီးမြှုပ်နှံသူများကို နှစ်ရှည်ကာလငှားရမ်းမှု (၅၀နှစ် + ၁၀ + ၁၀ = ၇၀နှစ်) နှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများကိုနှစ်ရှည်ကာလငှားရမ်းမှု (နှစ် ၉၀) အထိရရှိခြင်း၊

(ဃ) ဖွံ့ဖြိုးမှုအနည်းဆုံးဒေသအား ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ (၇) နှစ် ခွင့်ပြုချက်ရရှိပြီးဖြစ်ခြင်း။




**၁၉။** မြို့သာစက်မှုဉယျာဉ်မြို့တော် တည်ဆောက်ရေးနှင့် ဆီမီးခုံ (ရောဝတီ) ဆိပ်ကမ်းတည်ဆောက်ရေး စီမံကိန်းသည် မြန်မာနိုင်ငံ၏ (ထောက်ပံ့ပို့ဆောင်ရေး Logistic Hub) အလယ်ဗဟိုတွင် မဟာဗျူဟာမြောက် အနေအထားတွင်ရှိနေသဖြင့်လည်းကောင်း၊ ပြည်တွင်း ကုန်းလမ်း – ရေလမ်း – လေကြောင်းလမ်းများ လွယ်ကူစွာ ဆက်သွယ်နိုင်ပြီး အိန္ဒိယ – တရုတ်နိုင်ငံတို့အကြား အဓိက ဆက်သွယ်ရေးလမ်းကြောင်း Connectivity အချက် အခြာကျမှု (Geographically) ပြည့်စုံလျက်ရှိသဖြင့်လည်းကောင်း အာရှနှင့် အရှေ့တောင် အာရှတွင် ကူးသန်း ရောင်းဝယ်ရေး၊ စီးပွားရေးတို့အတွက် Pontential မြင့်မားသော ဒေသရပ်ဝန်းအတွင်း တည်ရှိနေကြောင်း တွေ့ရှိ ရပါတယ်။ သို့ပါ၍ ပြည်တွင်း ပြည်ပစီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေများ တည်ငြိမ်မှု ရရှိလာသည်နှင့် တစ်ပြိုင်နက် မြို့သာစက်မှုဉယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်းသည် ပထဝီ စီးပွားရေးအရ အချက်အခြာ ကျမှု၊ စီမံကိန်းဧရိယာအတွင်း ရင်းနှီး မြှုပ်နှံရန် အသင့်အနေအထားရှိမှုတို့ကြောင့် မကြာမီအချိန် အတွင်း ရင်းနှီး – မြှုပ်နှံမှုများစွာ မလွဲမသွေ ဝင်ရောက်လာမည်ဟု ယုံကြည်ပါတယ်။




၂၀။ သို့သော် မည်သည့်နိုင်ငံတွင်မဆို Development စီမံကိန်းတစ်ခု ဆောင်ရွက်ဖော်ထုတ်ရာတွင် အခြေအနေအမျိုးမျိုးကြောင့် ပထမပိုင်း (၅-၆) နှစ်ခန့်တွင် တိုးတက်မှု အနည်းငယ် နှေးကွေးမှုရှိသော်လည်း အရှိန်အဟုန်ရရှိလာသည်နှင့်တစ်ပြိုင်နက် တိုးတက်မှု မြန်ဆန်လာမြဲဖြစ်ပါတယ်။ သို့ပါ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ယခုစီမံကိန်းသည် အခြားသောစီမံကိန်း လုပ်ငန်းများနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်ရန် Potential မြင့်မားသည့် အခြေအနေတွင် တည်ရှိသောကြောင့် ပါဝင်သက်ဆိုင်သူအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စိန်ခေါ်မှုများကို မလျော့သော ဖွဲလုံ့လဝီရိယတို့ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အစိုးရနှင့် MMID အများပိုင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ဤစီမံကိန်းကြီး အောင်မြင်ပြီးစီးသည့် အချိန်တွင် နိုင်ငံတော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ဒေသခံပြည်သူများအတွက် ကာလရှည် ကြီးမားသော အကျိုးအမြတ် ရရှိနိုင်စေမည့် စီမံကိန်းကြီးတစ်ခု ဖြစ်လာမည့်အကြောင်းကို လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# BOARD OF DIRECTORS
## ဒါရိုက်တာအဖွဲ့ဝင်များ



**ဦးအောင်ဝင်းခိုင်**
**ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်**

ဦးအောင်ဝင်းခိုင်သည် မြန်မာတိုင်းရင်းသား တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်မြို့နယ်၊ ကျင်းချန်းကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ၁၉၅၄ ခုနှစ်မှစ၍ ကွတ်ခိုင်မြို့ Stella Maris Convent ကျောင်းတွင် ပညာစတင် ဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် St.Joseph High School ကျောင်းတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး မိမိနေထိုင်ခဲ့သည့် ဟိုပန်မြို့နယ် လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်း အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိခြင်းကြောင့် မိသားစုနှင့် မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်လာခဲ့ပါသည်။ မိသားစု၏ မိရိုးဖလာ ကိုးကန့် လက်ဖက်လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံခြားကုမ္ပဏီဖြစ်သည့် RCC Red Chamber Company (USA), Wood Craft Company (India), Lunsum Co.,Ltd (Thailand) စသော ကုမ္ပဏီတို့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် (Representative) အဖြစ် တာဝန်ယူပြီး ရန်ကုန်မြို့တွင် ရေလုပ်ငန်းဝန်ကြီးဌာန နှင့် သစ်တောဝန်ကြီးဌာန တို့တွင် သစ်လုပ်ငန်း နှင့် ရေငံပုဇွန် Export လုပ်ငန်းအတွက် (၈)နှစ် တာဝန်ယူဆောင်ရွက်ခဲ့ ပါသည်။

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကို Market Orientent Economic System စနစ်အဖြစ် ပြောင်းလဲပြုပြင်သည့်အချိန်တွင် ရန်ကုန်မှ မန္တလေးသို့ပြန်လာပြီး ၁၉၉၀ ခုနှစ်တွင် Hi-Tech Forest Industry ကုမ္ပဏီကို တည်ထောင်ပြီး သစ်အချောထည်စက်ရုံ တည်ဆောက်၍ 90%Export လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် UNDP ၏ Sponsor ဖြင့် ရန်ကုန်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် International Trading Business, Management, GSP-Preference သင်တန်းများကို တက်ရောက်အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနမှဦးစီးသော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ် ခံရပြီး အနောက်ဥရောပနိုင်ငံများသို့ (၂၆) ရက်ကြာ Trade Study Tour သွားရောက်လေ့လာခဲ့ပါသည်။ ခရီးစဉ်မှ ပြန်လည်ရောက်ရှိချိန်တွင် ၁၉၉၀ ခုနှစ်၌ စာတမ်းတစ်စောင်ပြုစု၍ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့သို့တင်ပြရာ ၁၉၉၀ ခုနှစ်တွင်ပင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မန္တလေးစက်မှုဇုန်၏ စီမံခန့်ခွဲရေး ကော်မတီတွင် ဥက္ကဋ္ဌတာဝန်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ တစ်ဆက်တည်းတာဝန်ယူ ဆောင်ရွက်ခဲ့ ပါသည်။ ၂၀၁၅ ခုနှစ်တွင် မန္တလေးစက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရန်အတွက်ကော်မတီ အသစ်ကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်စေခဲ့ပြီး လက်ရှိတွင် ဂုဏ်ထူးဆောင် နာယကအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၅ အထိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် (၁၀) နှစ်၊ ဥက္ကဋ္ဌ အဖြစ် (၁၂) နှစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် New Blood လူငယ်များဖြင့် Reform အသစ်ဖွဲ့စည်းပြီး ဂုဏ်ထူးဆောင် နာယက အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တိုင်းရင်းသား ပုဂ္ဂလိကပိုင် မြန်မာဆင် Hi-Tech ဘိလပ်မြေစက်ရုံကို တည်ဆောက်ခဲ့ပြီး MCICL ကုမ္ပဏီတွင် လက်ရှိအချိန်ထိ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်၏ စီမံကိန်းတစ်ခုဖြစ်သော သံရည်ကျို စက်ခုတ်စား ပုံလောင်းပုံဖိစက်ရုံ MRIC ကုမ္ပဏီတွင် BOD ဥက္ကဋ္ဌ အဖြစ် ယခုအချိန်ထိ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းအတွင်း ဖွံ့ဖြိုးရေးနိမ့်ကျသည့်ဒေသကို လူမှုစီးပွားဘဝ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းကြီးဖြစ်သော မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းနှင့် ရောဝတီဆီမီးခုံဆိပ်ကမ်း စီမံကိန်းကို ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ရန် Master Developer အဖြစ်တာဝန်ယူပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် ၂၀၁၃ ခုနှစ်မှ ယခုအချိန်ထိ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။



ဒေါက်တာ ထွန်းထွန်းအောင်
Managing Director

ဒေါက်တာထွန်းထွန်းအောင်သည် MBBS နှင့် MBA (University of Thai Chamber of Commerce) UTCC ဘွဲ့ရတစ်ဦးဖြစ်၍ Royal Hi-Tech Group of Company ၏ Director, Hi-Tech Forest Industries Co., Ltd & Mandalay Cement Industries Co., Ltd. ကုမ္ပဏီတို့၏ အမှုဆောင် ဒါရိုက်တာဖြစ်ပါသည်။ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော Pacific Asia Hi-Tech Group of Companies, Asia Speed Construction Co., Ltd, Asia Speed General Services Co., Ltd, Asia Bright Way I.T Co., Ltd, Inn Gyin Phyu Hospital, Pacific Electric Co., Ltd, Global Hi-Tech Engineering Co., Ltd နှင့် Mandalar Waddy Co., Ltd များအား တည်ထောင်ဖွဲ့စည်း ဦးစီးဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ CEC Member အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် Managing Director အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။



ဦးမြတ်ထွဋ်
Director

ဦးမြတ်ထွဋ် သည် San Pya Livestock Company Limited တွင် ၂၀၀၁ ခုနှစ်မှစတင်၍ Managing Director အဖြစ် တာဝန်ယူဆောင်လျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် MRCCI (Mandalay Region Chamber of Commerce And Industry) အသင်းချုပ်သို့ အမှုဆောင်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် စာရင်းစစ် တာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှစ၍ ဒု-ဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်လျက် ရှိသည်။ Myanmar Livestock Federation နှင့် Myanmar Fishery Federation တို့တွင် CEC အဖြစ်လည်းကောင်း၊ MRFF (Mandalay Region Fishery Federation) တွင် ဥက္ကဋ္ဌ၊ MLF (Mandalay Livestock Federation)တွင် ဒု-ဥက္ကဋ္ဌအဖြစ် ယနေ့အချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် Board of Director အဖွဲ့ဝင် အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။



ဦးသန်းဦး
Director

ဦးသန်းဦး သည် ၁၉၈၀ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E (Min.) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် တပ်မတော်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) သို့ တက်ရောက်ခဲ့ပြီး အင်ဂျင်နီယာ တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီတွင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကော်မတီဝင် (ညွှန်ကြားရေးမှူးချုပ်) အဆင့်ဖြင့် အဆင့်ဆင့်ရာထူးတိုး ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူးနိုင်း နိုင်ငံတို့၏ မြို့ပြတည်ဆောက်ရေးဆိုင်ရာ လေ့လာရေးခရီးနှင့် သင်တန်းများ တက်ရောက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားယူခဲ့ပြီး ပြင်ဦးလွင်မြို့တွင်နေထိုင်၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ကိုယ်ပိုင် အထက်တန်းကျောင်း နှင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်မှစ၍ MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် Director အဖြစ် ဆောင်ရွက် လျက်ရှိပါသည်။



ဦးမြင့်တင်
Director

ဦးမြင့်တင်သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ၁၉၇၈ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိပြီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၈) သို့ တက်ရောက်ခဲ့သည်။ ၁၉၈၀ မှ ၂၀၀၉ ခုနှစ်ထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ မှ ၂၀၁၈ ထိ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သက်ပြည့်အငြိမ်းစားရယူခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် Director အဖြစ် ဆောင်ရွက်လျက်ရှိ ပါသည်။



ဦးမျိုးမြင့်ဦး
Director

ဦးမျိုးမြင့်ဦးသည် အင်းစိန်စက်မှုလက်မှုသိပ္ပံမှ A.G.T.I (Civil) ဘွဲ့ရရှိခဲ့ပြီး အဝေးသင် တက္ကသိုလ်မှ B.A (Myanmar) ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ငမိုးရိပ် ဆည်တည်ဆောက်ရေး လုပ်ငန်းတွင် နေ့စားအင်ဂျင်နီယာ ရာထူးဖြင့် ဆည်ပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး ၁၉၉၅ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ဖွဲ့တွင် ဒုအရာခံဗိုလ်ရာထူးဖြင့် Construction လုပ်ငန်းကို လုပ်ကိုင်ခဲ့ ပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ ယခုအချိန်အထိ ဇေယျာဘုန်းကုမ္ပဏီလီမိတက်တွင် Managing Director ရာထူးဖြင့် Construction & Steel Structure လုပ်ငန်းများလုပ်ကိုင်လျက် ရှိပါသည်။ မန္တလေးစည်ပင်သာယာရေးကော်မတီ အကြီးတန်း လိုင်စင်ရအင်ဂျင်နီယာ လက်မှတ်ရရှိထားပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့တွင် Myanmar Engineering Council မှ ချီးမြှင့်သော REGISTRATION FOR SENIOR ENGINEER (CONSTRUCTION ENGINEER) Certificate No RSE. 2654 ရရှိခဲ့ပါသည်။ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများအနေဖြင့် စက်မှုသိပ္ပံ (အင်းစိန်) လူမှုကူညီရေးအသင်း အမှုဆောင် အဖြစ်လည်းကောင်း၊ မစိုးရိမ်တိုက်သစ် နာယကဆရာတော် ဦးဂါသေဌာဘိဝံသ၏ ဩဝါဒခံယူ၍ သာသနာပြုလုပ်ငန်းများတွင် အကြံပေး အင်ဂျင်နီယာအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်မှစ၍ MMID အများပိုင် ကုမ္ပဏီလီမိတက်တွင် Director အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။



ဒေါ်ဖြူဖြူမြင့်နိုင်
Director

ဒေါ်ဖြူဖြူမြင့်နိုင် သည် B.A (IR), MBA (University of Thai Chamber of Commerce) ဘွဲ့များ ရရှိခဲ့ပြီး PhD (Organization Development) တက်ရောက်လျက်ရှိပါသည်။ Healthway Medical Solution တွင် Managing Director ရာထူးဖြင့် ၂၀၀၇ ခုနှစ်မှ ယခုအချိန်အထိ Health Care Service လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ April Myanmar တွင် Managing Director ရာထူးဖြင့် ၂၀၁၂ ခုနှစ်မှ ယနေ့ထိ Restaurant, Franchise Business, Agri Business လုပ်ငန်းများလုပ်ကိုင် လျက်ရှိပါသည်။ Mandalay Cement Industries Co., Ltd တွင် Director အဖြစ် ၂၀၁၅ ခုနှစ်မှ ယခုအချိန်အထိ Cement Manufacturing လုပ်ငန်းများ လုပ်ကိုင်လျက် ရှိပါသည်။ ၂၀၁၉ ခုနှစ်မှစ၍ MMID အများပိုင်ကုမ္ပဏီလီမိတက်တွင် Director အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

# CORPORATE GOVERNANCE



ဒေါက်တာ မောင်မောင်သိမ်း
Independent Director

ဒေါက်တာမောင်မောင်သိမ်းသည် ရန်ကုန်တက္ကသိုလ်မှ ဥပဒေပါရဂူဘွဲ့ Ph.D (International Economic Law)၊ မဟာဥပဒေဘွဲ့ (LL.M)၊ ဥပဒေဘွဲ့ (LL.B)၊ ဘီအေ (ဥပဒေ) B.A (Law) နှင့် အသုံးချစိတ်ပညာ ဘွဲ့လွန် (Pg.dip in Applied Psychology) ဘွဲ့များရရှိ၍ သြစတေးလျနိုင်ငံ ဘဏ္ဍာရေးနှင့် အာမခံပညာအင်စတီကျု့ ANZIIF ၏ Associate ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် အချိန်ပိုင်းနည်းပြ၊ အိုးအိမ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ ကြယ်ငါးပွင့်လုပ်ငန်း၊ အာမခံနှင့် လျော်ကြေးဌာန အကြီးတန်းမန်နေဂျာ၊ ဌာနမှူး၊ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ၊ မြန်မာနိုင်ငံအာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ Securities and Exchange Commission of Myanmar ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံး စတော့ပ်အိပ်ချိန်းကို ထူထောင်ရာတွင် ဦးဆောင်ခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံတော်အတိုင်ပင်ခံနှင့်သမ္မတကြီးတို့ ဦးဆောင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး ဗဟိုကော်မတီတွင် အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် UMFCCI ၏ အကြံပေးပုဂ္ဂိုလ်၊ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဘဏ်၏ Independent Director Myanmar Finance and Investment Co., Ltd ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အင်္ဂလိပ်-မြန်မာ ဆောင်းပါး (၄၀၀) ကျော်နှင့် လုံးချင်းစာအုပ် (၆)အုပ် ထုတ်ဝေပြီး ဖြစ်ပါသည်။ ဇနီးသည် ဒေါက်တာမွန်မွန်တာနှင့်တွဲ၍ ရေးသားပြုစုခဲ့သော Insurance Law Text Book ကို ဥပဒေပညာ တတိယနှစ် သင်ရိုးစာအုပ်အဖြစ် ပြဌာန်းခြင်းခံခဲ့ရပါသည်။ နိုင်ငံတော် သမ္မတ၏ စွမ်းရည် အကောင်းဆုံးဆု (Presidential Excellence Performance Award) ကို ၂၀၁၆ ခုနှစ်တွင် ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှစ၍ Zico International Law Firm (Myanmar Office) တွင် Executive Chairman အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကုန်သည်များ နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်အောက်တွင် အငြင်းပွားမှုများကို အနညာတနည်းဖြင့် ဖြေရှင်းရေးဗဟိုဌာနကို ၂၀၁၉ ခုနှစ် တည်ထောင်ပေးခဲ့ပါသည်။



ဒေါက်တာ တင်ဝင်း
Adviser to the board of Directors

ပါမောက္ခဒေါက်တာတင်ဝင်းသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.com, B.Com (Hons), M.com ဘွဲ့များရရှိခဲ့ပြီး ဂျပန်နိုင်ငံ Keio တက္ကသိုလ်မှ Ph.D in Management ဘွဲ့ရရှိခဲ့ပါသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိက တာဝန်များထမ်းဆောင်ခဲ့၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် တွဲဘက်ပါမောက္ခ၊ ပါမောက္ခ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခချုပ် တာဝန်များ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ဒေါက်တာမွန်မွန်တာ
Independent Director

ဒေါက်တာမွန်မွန်တာသည် ရန်ကုန်တက္ကသိုလ်မှ ဥပဒေပါရဂူဘွဲ့ Ph.D (International Law)၊ မဟာဥပဒေဘွဲ့ (LL.M)၊ ဥပဒေဘွဲ့ (LL.B)၊ B.A (Law) တို့ကိုရရှိခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ကထိက၊ ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနတွင် တွဲဖက်ပါမောက္ခ (ဌာနမှူး)၊ ပါမောက္ခ/ဌာနမှူး တာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။ ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနတွင် မဟာဥပဒေ (LL.M) သင်တန်းကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ ဒဂုံတက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ပါမောက္ခ/ဌာနမှူး တာဝန်များကို ၂၀၁၆ ဒီဇင်ဘာလထိထမ်းဆောင်ခဲ့ပါသည်။ ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနတွင် မဟာသုတေသန (ဥပဒေ) MRes သင်တန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဝေးသင်တက္ကသိုလ်အတွက် သင်ကြားမှု အထောက်အကူပြု လမ်းညွှန်များ ပြုစုခြင်း၊ ပို့ချချက်များကို ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ လွှင့်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆောင်းပါး၊ စာညွှန်း၊ ကဗျာပုဒ်ရေ (၅၀) ကျော် ရေးသားခဲ့ပါသည်။ ပုသိမ်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်များတွင် Certificate in Business Law သင်တန်း၊ Certificate in Court Practice သင်တန်းများကိုဖွင့်လှစ်ပေးခဲ့ပါသည်။ ဥပဒေပညာဌာနများ၏ သရုပ်ပြတရားရုံး Moot Court အစီအစဉ်များကိုလည်းဒဂုံတက္ကသိုလ်မှ ဦးဆောင်သင်တန်းပေးမိတ်ဆက်ပေးခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဒေါက်တာမောင်မောင်သိမ်းနှင့် တွဲဖက်၍ ရေးသားပြုစုခဲ့သော Insurance Law Text Book ကို ဥပဒေပညာတတိယနှစ် သင်ရိုးစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။ နယ်သာလန်နိုင်ငံရှိ ကမ္ဘာကျော် Hague Academy of International Law တွင် နိုင်ငံတကာ ဥပဒေဘာသာရပ်ကိုဆည်းပူးခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။



ဦးမောင်မောင်အောင်
Independent Director

ဦးမောင်မောင်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.com ဘွဲ့ရရှိခဲ့ပြီး CPA လက်မှတ်ရ ပြည်သူ့စာရင်းကိုင် တစ်ဦးဖြစ်ပြီးနှစ်ပေါင်း (၂၀) ကျော် စာရင်းစစ်တာဝန်ခံ၊ စီးပွားရေးလုပ်ငန်းနှင့် အခွန်ဆိုင်ရာအကြံပေးတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် အလုပ်သင် အဖြစ် (၂) နှစ် တာဝန်ထမ်းဆောင်ခဲ့၍ ၁၉၉၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် စာရင်းစစ်ဆေးရေးဆိုင်ရာ ဂုဏ်သိက္ခာရှိကျော်ကြားသော U Hla Tun Group တွင် ပါဝင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် U Hla Tun & Associates Limited တွင် Director အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ U Hla Tun Hospice (Cancer) Foundation၏ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးအဖြစ်လည်း ပူးတွဲတာဝန် ထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်နှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အလုပ်အမှုဆောင်တစ်ဦးလည်းဖြစ်ပါသည်။



ဦးအောင်ခိုင်
Adviser to the board of Directors

